**Job Access**

**Driving disability employment**

# အချက်အလက် သတင်းလွှာ

# အလုပ်ရှင်များအတွက် ဝင်လမ်းဆိုင်ရာ ဆောင်ရွက်ရေးစာရင်း

သင်၏အဖွဲ့အစည်း၏လုပ်ငန်းခွင်တွင်လိုက်လျောညီထွေမှုရှိခြင်းနှင့် ဝင်လမ်းလွယ်ကူမှုရှိခြင်းတို့အား သင့်အနေနှင့် တိုးတက်ကောင်းမွန်အောင်မည်သို့ပြုလုပ်နိုင်ကောင်းမည်နှင့်ပတ်သက်သော စိတ်ကူးများအတွက် အောက်ပါဆောင်ရွက်ရေးစာရင်းကို အသုံးပြုပါ။

စတင်သည့်အနေဖြင့် သင်သည် အောက်ပါမူဝါဒများ သို့မဟုတ် အစီအစဉ်များအနက် တစ်ခု သို့မဟုတ် ယင်းထက်ပို၍ အကောင်အထည်ဖော်ရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

- ❑ အလုပ်ခန့်အပ်မှုအခွင့်အရေးတန်းတူညီမျှရှိရေးနှင့် သို့မဟုတ် ထွေပြားခြားနားမှုအစီအစဉ်
- ❑ သင့်မြတ်သော ပြုပြင်ညှိနှိုင်းမှုရှိအောင်လုပ်ခြင်း/ လိုက်လျောညီထွေရှိသော လုပ်ငန်း အစီအစဉ်များ
- ❑ ဝင်လမ်းလွယ်ကူစေခြင်းဆိုင်ရာ လုပ်ဆောင်မှုအစီအစဉ်
- ❑ ထွေပြားခြားနားမှုနှင့် ထုတ်ဖော်ပြောဆိုခြင်း
- ❑ လုပ်ငန်းခွင်ပြန်ဝင်ရေး မူဝါဒ
- ❑ မသန်စွမ်းသူများအကြောင်းသတိမူစေရန် ကူညီလမ်းညွှန်ပေးရေး အစီအစဉ်များ
- ❑ မသန်စွမ်းမှုအား ကာကွယ်ပေးသူ အလုပ်အမှုဆောင်များ
- ❑ မသန်စွမ်းမှုများအား သွန်သင် လမ်းညွှန်ပေးရေး
- ❑ မသန်စွမ်းသောအလုပ်သမားများကွန်ရက်အဖွဲ့များ

သင်၏အဖွဲ့အစည်းအား ပိုမိုဝင်ရောက်နိုင်သောလုပ်ငန်းခွင် တစ်ခုဖြစ်လာစေရန်နှင့် မသန်စွမ်းသူများအတွက် ၎င်းတို့သဘောကျအလုပ်ရှင်တစ်ဦးအဖြစ် ရွေးချယ်နိုင်ရန် အထောက်အကူပြုသော အောက်ပါ အယူအဆများကိုလည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။

❑ သင်၏အဖွဲ့အစည်းမှ စီစဉ်ထားသော အလုပ်လစ်လပ် နေရာများနှင့်ရာထူးအမျိုးအစားများဆိုင်ရာ ကြော်ငြာဖော်ပြချက်များမှာ မည်သို့ ရှိပါသလဲ- ၎င်းတို့သည် မသန်စွမ်းသူများ အလုပ်လာ လျှောက်ရန် ကြိုဆိုပါသလား၊ ကြော်ငြာကို အွန်လိုင်းနှင့် (မျက်မမြင်စာ သို့မဟုတ် ပုံနှိပ်စာလုံးကြီးများကဲ့သို့) ပုံနှိပ်စာ များဖြင့် ရရှိနိုင်ပါသလား။

❑ မသန်စွမ်းသူ အဖွဲ့အစည်းများ သို့မဟုတ် မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးသူများကို အလုပ်လစ်လပ်နေရာများအကြောင်း ဖြန့်ဝေအသိပေးခြင်းအားဖြင့် သင့်အဖွဲ့အစည်းအနေနှင့် အလုပ်လျှောက်လိုသူများအား ရှာဖွေကြည့်ရှုမှုကို အဝန်းကျယ်လာစေပါသည်။

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**

❑ မသန်စွမ်းသူများအား ၎င်းတို့၏အသိပညာများနှင့်ကျွမ်းကျင်မှုများ တိုးပွားလာစေပြီး မြဲမြံသောအလုပ်ကို ရရှိစေရန်အတွက် ၎င်းတို့အား လုပ်ငန်းအတွေ့အကြုံပေးပါ သို့မဟုတ် လေ့ကျင့်သင်ကြားရေးဆုများ သို့မဟုတ် အလုပ်သင်ဆုများ ကမ်းလှမ်းပေးပါ။

❑ သင့်မြတ်သော ပြုပြင်ညှိနှိုင်းမှုများအရ အင်တာဗျူးပုံစံအား ပြောင်းလဲပေးပါ။ – ဥပမာ - အဆောက်အဦးများသို့ အလွယ်တကူဝင်ထွက်နိုင်ခြင်း၊ ထောက်ပံ့ရေးဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် ကိုယ်စားပြုဆောင်ရွက်ပေးမည့်သူနှင့် အဆက်အသွယ်ပြုနိုင်ခြင်း သို့မဟုတ် Auslan စကားပြန်တစ်ဦး စီမံပေးခြင်း။

❑ ပုံစံ၊ အပြုအမူနှင့် အင်တာဗျူးမေးခွန်းများဆိုင်ရာ နည်းပညာနှင့် အကဲဖြတ်စစ်ဆေးရေးဆောင်ရွက်ချက်များတွင် မသန်စွမ်းသူများအားလုံးအား ထည့်သွင်း စဉ်းစားပေးမှုရှိ/မရှိကို သေချာစေရန် ယင်းတို့ကို ပြန်လည်သုံးသပ်ပါ။

❑ မသန်စွမ်းသူအား အလုပ်ခန့်အပ်လိုက်သည်နှင့်တပြိုင်နက်သင့်မြတ်သောမည်သည့်အကြောင်းကိုမဆို ဆွေးနွေးခြင်းအား စံကျင့်သုံးမှုတစ်ခုအဖြစ်သတ်မှတ်ပါ။

❑ လေ့ကျင့်သင်ကြားရေးဆိုင်ရာပစ္စည်းများအား အသုံးပြုနိုင်ရန်လွယ်ကူသောပုံစံများဖြင့် ထောက်ပံ့ပါ – ဥပမာ ခေါင်းစဉ်ခွဲပါသောဗီဒီယိုခွေများ၊ ရိုးရှင်းသောအင်္ဂလိပ် စာသား၊ ကွန်ပြူတာမျက်နှာပြင်မှ လုပ်ငန်းစဉ်များအား အသံထွက်ပြီးရွတ်ပြသော အစီအစဉ်များနှင့် အခြားအထောက်အကူပြုနည်းပညာများနှင့် ဆက်စပ်ဆီလျော်မှု ရှိသောရုံးတွင်းIT (သတင်းအချက်အလက်နည်းပညာ) စနစ်များ။

❑ လုပ်ငန်းခွင်၌ပြုပြင်မွမ်းမံမှုများ၊ အထောက်အကူပြုကိရိယာများ သို့မဟုတ် အထောက်အကူပြုနည်းပညာစသည်တို့ တစ်စုံတစ်ရာ ဝယ်ယူရန်နှင့် တပ်ဆင်ရန် စီစဉ်ပါ။

❑ မသန်စွမ်းသူများ၏လိုအပ်ချက်များကို ဖြေရှင်းနိုင်သော အရေးပေါ်စွန့်ခွာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

❑ စစ်ဆေးရမည့်မှာ -

- သင့်ယာဉ်ရပ်နားနေရာ၊ ဝင်ပေါက်နှင့် ဧည့်ကြိုနေရာများသည်မသန်စွမ်းသူများအတွက်အလွယ်တကူဝင်/ထွက်နိုင်ခြင်းရှိ/မရှိနှင့် အတားအဆီးများရှိ/မရှိ၊
- ဘီးတပ်ကုလားထိုင် (wheelchair) အသုံးပြုသူများ သို့မဟုတ် လမ်းလျှောက်ရေး အထောက်အကူဘောင် အသုံးပြုသူများအတွက်ကြမ်းခင်းများသည်မချော်နိုင်ပြီး၊ခိုင်မြဲ၍ ချောမွေ့မှုရှိခြင်း၊
- အစည်းအဝေးခန်းမများနှင့် အပန်းဖြေအဆောက်အအုံများသည် ဘီးတပ်ကုလားထိုင်သုံးသူများအတွက် အခက်အခဲ၊ အဟန့်အတားမရှိသွားလာနေနိုင်ရန် ကျယ်ဝန်းမှုရှိ/မရှိ၊ နှင့်
- တံခါးပေါက်များကို အသုံးပြုသူများအားလုံး အလွယ်တကူ၊ ကိုယ်တိုင်ကိုယ်ကျ ဖွင့်နိုင်ခြင်းရှိ/မရှိကို စစ်ဆေးပါ။ – ဥပမာ - တံခါးများလေးလံမှုမရှိခြင်း သို့မဟုတ် တံခါးဖွင့်ရန် မခက်ခဲခြင်း နှင့် တံခါးလက်ကိုင်များ အလွယ်တကူကိုင်တွယ်နိုင်သောအမြင့်တွင် ရှိခြင်းတို့ဖြစ်ပါသည်။

JobAccess အနေဖြင့် လုပ်ငန်းခွင်ပြောင်းလွယ်ပြင်လွယ်မှုရှိခြင်းနှင့် လွယ်ကူစွာသွားလာနိုင်မှုများရှိစေရန် သင့်အဖွဲ့အစည်းအား ကူညီပေးနိုင်ပါသည်။ ပိုမိုသိရှိလိုပါက www.jobaccess.gov.au တွင် ကြည့်ရှုပါ သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ်အားဖုန်း 1800 464 800 ၌ခေါ်ဆိုဆက်သွယ်နိုင်ပါသည်။ မိုဘိုင်းဖုန်းများမှခေါ်ဆိုမှုများ အတွက် ဝန်ဆောင်ခကောက်ခံပါမည်။